# အတွေ့အကြုံက သင်ပေးလိမ့်မယ်

# (၂၅ - ၇ - ၂၀၁၀)

(၁) ကျောင်းသားသပိတ် (၁၉၂၀) တုန်းက ကျွန်တော်တို့ဦးလေးတွေ ပါခဲ့တယ်။ သူတို့အတွေ့အကြုံက သပိတ်သမားတွေ ကျောင်းကိုစွန့်ခွာပြီး ဘုရားကုန်းတော်ပေါ်မှာ သပိတ်စခန်းဖွင့်တာပဲ။ 'သပိတ်တားတယ်' ဆိုတာ မပေါ်သေးဘူး။

(၁၉၃၆) ကျတော့ သပိတ်တားတယ်ဆိုတာ ပေါ်လာတယ်။ သပိတ်စခန်းဖွင့်တယ်လို့ အထက်ဗမာပြည်မှာတော့ မရှိဘူး။ သပိတ်တားတာ ပေါ်လာပြီ။ ဒါပေမဲ့ တမျိုးပဲ။ စစ်ကိုင်းမှာ ကိုဗဟိန်းက သပိတ်တားဖို့ လုပ်တယ်။ (၁၀) တန်းကျောင်းသားပဲ ပါရမတဲ့။ တခြားအတန်းသားတွေ မပါရ။ ပြီးတော့လည်း စစ်ကိုင်းအနောက်ပိုင်းက ကျောင်းသားပဲ ပါတယ်။ အရှေ့ပိုင်းက မပါဘူး။ စစ်ကိုင်းကျောင်းက မြို့လယ်မှာ။ '၄' ဘက် '၄' တန် ဘယ်ဘက်ကဝင်ဝင် ဝင်လို့ရတယ်။ အဲဒါကို မြို့အနောက်ဘက်က အဝင်ဝမှာပဲ သပိတ်တားတာပဲ။

ကျောင်းအုပ်ကြီးက (scout) စကောက်တွေကို ဦးစီးပြီး ရိုက်နက်ဖြိုခွဲတာ ခံရတယ်။ ရိုက်တဲ့စကောက်တွေထဲမှာ ကိုသာခင် (သခင်သာခင်) ပါတယ်လို့ ဂျာနယ်တခုမှာ တွေ့လိုက်ရတယ်။ ဟုတ်မှာပါ။ သူက ဘော်ဒါကျောင်းသားဆိုတော့ ဖြစ်နိုင်ပါတယ်။ သူကတော့ ဒီကိစ္စကို တခါမှ မပြောဖူးဘူး။ ဂုဏ်ယူစရာမှ မဟုတ်တာ။ အသေအချာသိတာက အထွန်း (ဗိုလ်မှူးကြီးထွန်းစိန် - ရန်ကုန်မြို့တော်ဝန်လုပ်ခဲ့သူ) ပါတာတော့ သိတယ်။ သူကလည်း မဖုံးကွယ်ပါဘူး။ ဂုဏ်ယူပြီး ပြောပါတယ်။

၁၉၃၆ ကိုဗဟိန်းရဲ့ စစ်ကိုင်းသပိတ်တားပွဲက တကယ်တော့ 'သပိတ်တားပွဲ' အစစ်လို့ မခေါ်နိုင်ဘူး။ 'စတိသပိတ်တားပွဲ' ပဲ။

(၁၉၃၈) သပိတ်ကျတော့ ပီပြင်တယ်။ ရန်ကုန်မှာဆိုရင် ကျောင်းတွင်းက သမဂ္ဂအဆောက်အဦက သပိတ်ဌာနချုပ်၊ သပိတ်စခန်း ဖြစ်နေပြီ။ ကျောင်းပရဝုဏ်ပြင်ဘက်ထွက်ပြီး အတွင်းဝန်ရုံးကို (သပိတ်တားတာ) အဖြစ် မြင့်တက်လာတယ်။

တော်လှန်ရေးကောင်စီခေတ် မဆလ ခေတ်ကျတော့ ထပ်ပြီးတဆင့်မြင့်လာတယ်။ ကျောင်းပရဝုဏ်က 'ဒီမိုကရေစီခံတပ်ကြီး' 'ဒီမိုကရေစီရေးဌာနချုပ်ကြီး' ဖြစ်လာတယ်။

၁၉၆၂ ဇူလိုင်က စလိုက်တဲ့ တိုက်ပွဲတွေဟာ တိုက်ပွဲနည်းနာတွေ တဆင့်ချင်း မြင့်တက်လာတာပဲ။ (၁၉၈၈) ကျတော့ အထွတ်အထိပ်ကို ရောက်တယ်။ မဆလ လည်း ကျဆုံးသွားတယ်။ ရှေးကကျင့်သုံးခဲ့တဲ့ တိုက်ပွဲနည်းနာတွေ အကုန်သုံးတယ်။ တပြည်လုံး ပြန့်တယ်။ မြန်တယ်။ ဒါကြောင့် အောင်မြင်တာပဲ။ အဆုံးသတ်အောင်ပွဲ မရတာက ကျောင်းသားတိုက်ပွဲနဲ့ လုံးဝမဆိုင်ဘူး။ တခြားကိစ္စပဲ။

(၂) ဒီကိစ္စရေးတာက ရှေ့လာမယ့် တိုက်ပွဲတွေမှာ ဘယ်လို 'တိုက်ပွဲနည်းနာ'တွေ ကျင့်သုံးကြမလဲ - တိုးချဲ့ကြမလဲ ဆိုတာကို '၂၁ မျိုးဆက်များ' ကြံဆကြစေချင်လို့ပါ။

(၂၀) ရာစု မျိုးဆက်က သေသူသေ၊ နာသူနာ၊ အိုမင်းစပြုသူတွေ ဖြစ်နေပြီ။ ထောင်နှစ်ရှည်ကျပြီးနေသူတွေ မနည်းဘူး။ ပြည်ပရောက်နေသူတွေလည်း များတယ်။ လာမယ့်ပွဲမှာ ၂၁ မျိုးဆက်တွေပဲ ဦးဆောင်ရမှာပါ။ ခေါင်းဆောင်ကြရမှာပါ။ သူတို့ မိုငြမ်းကိုးကားရန် တင်ပြခြင်း ဖြစ်ပါတယ်။